# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

## ကြေညာချက် ( ၂ /၂၀၂၁)

ပြည်တွင်း၌ အစားအသောက်ထုတ်လုပ်သောလုပ်ငန်းများအနေဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် (လုပ်ငန်းသစ်/ သက်တမ်းတိုး/ တိုးချဲ့/ ဒီဇိုင်းပြောင်း) လျှောက်ထားရာတွင် လိုက်နာရမည့်အချက်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်။

(၁) တိုင်းဒေသကြီး/ ပြည်နယ်များရှိ အစားအသောက်/ သောက်ရေသန့်လုပ်ငန်းများသည် အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက်လျှောက်ထားခြင်းများကို သတ်မှတ်ထားသောစာရွက်စာတမ်းများ ပြည့်စုံစွာဖြည့်စွက်၍ လုပ်ငန်း၏အပေါ်စာဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံးများတွင် တိုက်ရိုက်လျှောက်ထားရမည်။

(၂) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများမှ စိစစ်ထားခြင်းမရှိသော လျှောက်ထားလာသည့်လုပ်ငန်းများအား အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော်မှ လက်ခံစိစစ်မည်မဟုတ်ပါ။

(၃) သက်တမ်းတိုးလုပ်ငန်းများဖြစ်ပါက ကြေညာချက်အမှတ် (၉/၂၀၂၀) နှင့် (၁၀/၂၀၂၀) အတိုင်းလိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး သတ်မှတ်ဒဏ်ကြေးပေးဆောင်ပြီးမှသာ ဆက်လက်လျှောက်ထားရမည်ဖြစ်သည်။ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်လက်မှတ်ကတ်ပြားမူရင်းနှင့် ထောက်ခံချက်ထုတ်ပေးထားသော အစားအသောက်များစာရင်း (Product Registration) တစ်ပါတည်း ပူးတွဲတင်ပြရမည်။ ယင်းတို့အား အပေါက်ဖောက်ခြင်း၊ စုတ်ပြဲပျက်စီးခြင်း၊ ပလပ်စတစ်ကတ်လောင်းခြင်းမရှိစေရန်အတွက် လုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ရမည်။

(၄) တိုးချဲ့လျှောက်ထားပါက အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက်သက်တမ်း (၆) လနှင့်အထက် ကျန်ရှိနေမှသာ လျှောက်ထားရမည်ဖြစ်ပြီး တိုးချဲ့နမူနာအား ဓာတ်ခွဲစစ်ဆေးရန် နမူနာပေးပို့ချိန်တွင် ဓာတ်ခွဲခန်းကြေးပေးသွင်းရမည်။ သက်တမ်း (၆) လနှင့် (၆) လ အောက်နည်း၍ ကျန်ရှိသောလုပ်ငန်းများသည် သက်တမ်းတိုးလျှောက်ထားမှုနှင့်တကွ လျှောက်ထားရမည်။